# ၂၀၂၃ ခုနှစ်၊ (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပါဝင်တက်ရောက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်မှ ၂၃ ရက်နေ့အထိ နေပြည်တော်၊ မဏိကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေး ဖိတ်ကြားပေးပါရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အကြောင်းကြားလာပါသည်။

၂။ အဆိုပါပြပွဲသို့ ပါဝင်တက်ရောက်လိုသည့် လုပ်ငန်းရှင်များသည် ၁၀-၃-၂၀၂၃ ရက်နေ့မှ စတင်၍ ပြပွဲဝင်ခွင့်ပုံစံများအား www.mge.gov.mm တွင် Download ရယူ၍ ကိုယ်တိုင်ဖြည့်စွက်မှတ်ပုံတင်နိုင်ပါရန်နှင့် အွန်လိုင်းမှတစ်ဆင့် လျှောက်ထားလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ Website ဖြစ်သည့် www.mge.gov.mm၊ On-line Pre-Registration System တွင် ဝင်ရောက်လျှောက်ထားနိုင်ပါရန် မြန်မာကွန်ပြူတာကုမ္ပဏီလိမိတက်နှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါပြပွဲသို့ ပါဝင်တက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် မြန်မာသံရုံး၊ ပေကျင်းမြို့၊ စီးပွားရေးဌာန (email: info@myanmarembassy.com/ Fax Number: 01065320408) ထံသို့ ၁၃-၃-၂၀၂၃ ရက်နေ့၊ ပေကျင်းစံတော်ချိန် (၁၄၀၀) နာရီ နောက်ဆုံးထား၍ အောက်ဖော်ပြပါ အချက်အလက်များနှင့်အတူ အကြောင်းကြားပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

Chinese Name:

English Name:

ID Number:

Passport No:

E-mail:

Address:

Phone Number:

မြန်မာသံရုံး၊ ပေကျင်းမြို့၊ စီးပွားရေးဌာန

၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်

